**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ**
**သတင်းလွှာ ( ၅ /၂၀၂၄)**

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်

အကြောင်းအရာ။ **Tradenet 2.0 စနစ်နှင့် အခွန်ထမ်းမှတ်ပုံတင်ခြင်းစနစ် (e-Registration Management System)တို့ ချိတ်ဆက်ဆောင်ရွက်ရမည့် အချက်များအား အသိပေးကြေညာခြင်း**

၁။ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းပိုမိုအဆင်ပြေစေရေးအတွက် ကုန်သွယ်ရေးဦးစီးဌာန၏ Tradenet 2.0 စနစ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အီလက်ထရောနစ် အခွန်ထမ်းမှတ်ပုံတင်စနစ်(e-Registration Management System) တို့အကြား စနစ်ချင်းချိတ်ဆက်အသုံးပြုနိုင်ရေး ဆောင်ရွက်ထားရှိပါသည်။

၂။ အဆိုပါစနစ်ချိတ်ဆက်မှုအရ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်အသစ်လျှောက်ထားခြင်းနှင့် သက်တမ်းတိုးလျှောက်ထားခြင်းများ ဆောင်ရွက်မည့် ကုမ္ပဏီ(Company)၊ အသင်းအဖွဲ့(Organization)နှင့် သမဝါယမအသင်း (Co-Operative) တို့သည် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ထမ်းမှတ်ပုံတင်စနစ်(https://eregistration.ird.gov.mm)တွင် အခွန်ထမ်းမှတ်ပုံတင်လက်မှတ်ကို ဦးစွာလျှောက်ထားရယူပြီးမှ Tradenet 2.0 စနစ်တွင် ဝင်ရောက်လျှောက်ထားရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Tradenet 2.0 စနစ်တွင် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှစတင်၍ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်အသစ် လျှောက်ထားခြင်းများကိုလည်းကောင်း၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ သက်တမ်းတိုးလျှောက်ထားခြင်းများကို လည်းကောင်း အခွန်ထမ်းမှတ်ပုံတင်စနစ်တွင် မှတ်ပုံတင်(Registered)ဖြစ်ပြီးမှသာ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**